**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၂.၈၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၄-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်

ခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အိန္ဒိယနိုင်ငံသို့ ပါလီမန်လွှတ်တော် လေ့လာရေးသွားရောက်။ ဒေါ်နော်ခရစ္စထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရေဘေးကယ်ဆယ်ရေးကိစ္စဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရေဘေးကယ်ဆယ်ရေးကိစ္စ ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၂၉)ဦး ဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ (၃၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းသည့် မေးခွန်း များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာဟာ ရသေ့တောင်မြို့နယ်ရဲ့ မြောက်ပိုင်းမှာ အကြီးဆုံးကျေးရွာ တစ်ရွာဖြစ်ပါတယ်။ ရဲစခန်းရှိတယ်။ အ.ထ.က လည်းရှိတယ်။ နောက် ကျေးလက်ဆေးပေးခန်း ရှိတဲ့အတွက် ဒီရွာကို အနီးအနားက ရွာတွေက အမှီသဟဲပြုပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးအရ နေကြရပါတယ်။ အနီးအနားပတ်ဝန်းကျင်မှာလည်း ရွာပေါင်း(၄၀) ရှိပါတယ်။ ရသေ့တောင်မြို့နဲ့ (၁၀)မိုင်လောက် ဝေးပေမယ့် ကြည့်လိုက်ရင် မျက်စိနဲ့ မြင်ပေမယ့် အမှန်တကယ် သွားတဲ့အခါ တော်တော်အခက်အခဲရှိပါတယ်။ ကားလမ်းလည်း မရှိသေးပါဘူး။ ဆိုင်ကယ်လမ်းလည်း မရှိသေးပါဘူး။ ကြားမှာက ချောင်း(၂)ချောင်းခံနေတဲ့အတွက်ဖြစ်ပါတယ်။ ရေကြောင်းက ပတ်ပြီးတော့ သွားလို့ရှိရင်လည်း (၂)နာရီခွဲကြာ သွားရပါတယ်။ ရာသီဥတုဆိုးပြီဆိုရင် ကူးတို့၊ မော်တော်ယာဉ်တွေက မထွက်ပါဘူး။ အဲဒါတွေနဲ့ လူမမာတွေဟာ ရသေ့တောင်ဆေးရုံကို မရောက်ဘဲနဲ့ သေဆုံးကြတာတွေ အများကြီးရှိပါတယ်။ ဒီလိုဖြစ်နေခဲ့တာလည်း နှစ်ပေါင်း (၄၀)၊ (၅၀)၊ (၆၀)လောက်ရှိပါပြီ။ အခုကတော့ လွှတ်တော်လည်း ပေါ်လာတယ်။ ပြည်သူလူထုဆန္ဒကိုလည်း ထုတ်ဖော်ခွင့်ရတဲ့အတွက် ကျွန်တော်ကိုယ်တိုင်ပဲ ပြီးခဲ့တဲ့(၅)နှစ်၊ ၂၀၁၄ ခုနှစ်မှာ ဒီဆေးရုံရဖို့အတွက် တောင်းဆိုခဲ့ပါတယ်။ ဝန်ကြီးက ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာမှာ တည်ဆောက်ပေးမယ်ဆိုပြီးတော့ ကတိပြုခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာနှစ်မှာ မပါခဲ့ပါဘူး။ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာနှစ်မှာ ပြီးပြတ်အောင် ဆောင်ရွက်လို့မရဆိုတဲ့ အကြောင်းပြချက်နဲ့ ပယ်ဖျက်ခဲ့ပါတယ်။

အဲဒါကြောင့် ၂၀၁၆-၂၀၁၇ မှာ ပါနိုးနိုးနဲ့ ကျွန်တော်တို့ စောင့်နေခဲ့ပါတယ်။ ဒါပေမဲ့ ပါမလာခဲ့ပါဘူး။ ဆိုတော့ ဒီ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဒီ ဆေးရုံကို ထည့်ပေးဖို့အတွက် ပြည်သူလူထုက ဆန္ဒပြုတဲ့အတွက် ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၅။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြ စေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ တင်ပြမှုအတွက် အချိန်မလုံလောက်ပါက အနည်းငယ်ထပ်ဆောင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဆွေးနွေးမယ့် အစီအစဉ်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ တိုင်းရင်းဆေးဝါးစက်ရုံနှင့် ပတ်သက်တဲ့ အမျိုးသားလွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ စက်ရုံနှင့် စက်ရုံအတွင်း ထားရှိမည့် စက်ပစ္စည်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စက်ရုံကို GMP စနစ်ဖြင့် တည်ဆောက်ရန် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်နဲ့ တိုင်းရင်းဆေးရုံအနီးမှာ ခွင့်ပြုခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ အဆိုပါ စက်ရုံကြီးကို ထိုစဉ်က ညွှန်ကြားရေးမှူးချုပ်သည် မိမိဆန္ဒ သဘောဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ တာဝန်ပေးချက်များနှင့်အညီ လုံးဝဆောင်ရွက်ခဲ့ခြင်း မရှိခြင်းနှင့် ပွင့်လင်းမြင်သာမှု မရှိခဲ့ဘဲ တန်ဖိုးကြီးမားသည့် တည်ဆောက်မှုတွင် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း အသိပေးညွှန်ကြားမှု မရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ တည်ဆောက်မှု လုပ်ငန်းကို နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်ခဲ့တဲ့ Mandalay Strength ကုမ္ပဏီသို့ တာဝန်ပေးခဲ့ ကြောင်း သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရုံတည်ဆောက်ရာတွင် အဝင်ဝ ပင်မတံခါးပေါက်ကျဉ်း၍ စက် ပစ္စည်းများ သွင်း၍မရမှ ပြဿနာပေါ်ပြီး ကာလလွန် ဝိနည်းလွတ်အနေဖြင့် ဆောက်လုပ်ရေး ကြီးကြပ်မှုအဖွဲ့ဖြင့် ဝန်ထမ်း(၄)ဦးအား တာဝန်ယူရန် ဖွဲ့စည်းမှု အမိန့်စာကို ယခုလက်ရှိ ညွှန်ကြားရေးမှူးချုပ် လက်ထက်တွင် Back Date ဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ တာဝန်ယူခဲ့သူ ညွှန်ကြားရေးမှူးချုပ်က နားလည်မှုယူပြီး ထုတ်ပြန်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ယခုအခါမှာတော့ ကျဉ်းနေတဲ့တံခါးပေါက်ဖျက်ပြီး စက်ပစ္စည်းများကိုအတွင်းပို့ထားကြောင်းကိုလည်း ထပ်မံသိရှိရပါတယ်။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းမညီညွတ်သည်များ ကြားသိခဲ့ရပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်၊ တာဝန်ထမ်းဆောင်ခဲ့သူ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်လွတ်ဆောင်ရွက် ခဲ့မှုအား လက်ရှိညွှန်ကြားရေးမှူးချုပ်က ကြားကာလ တစ်ဆက်ကျော် အခြားညွှန်ကြားရေးမှူးချုပ်

ဒေါက်တာဝင်းမြေအောင် ၏ ကာလတိုအုပ်ချုပ်မှုအပြီး လက်ရှိညွန်ကြားရေးမှူးချုပ် လက်ထက် ရောက်မှ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ အဆိုပါ စက်ရုံနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းလိုသည်မှာ (၁) နိုင်ငံတော်မှ ခွင့်ပြုသည့် သုံးစွဲငွေပမာဏနှင့် အသုံးပြုသည့် စက်ရုံကြီးနှင့် စက်ပစ္စည်းတို့အတွက် တည်ဆောက်ခြင်း ဝယ်ယူခြင်းတို့ ပြုရာတွင် ကြိုတင်ဆောင်ရွက်ရမည့် တင်ဒါစနစ်များ ကျင့်သုံးမှု၊ ကြိုတင်လုပ်ဆောင်ရမည့် ကတိကဝတ်၊ လုပ်ငန်းသဘောတူ စာချုပ်များ တရားဝင်ချုပ်ဆိုခဲ့ခြင်း ရှိ/မရှိ။ (၂) စက်ရုံတည်ဆောက်ပြီးကာလတွင် ဂျပန်မှ ထောက်ပံ့လျက်ရှိသည့် အရေးပေါ်ဆေးသေတ္တာများအတွက် ဆေးပစ္စည်းများ ပြည့်စုံမှု ရှိ/မရှိ။ (၃) လိုအပ်သည့် ဆေးဝါးကုန်ကြမ်းများကို တိုင်းရင်းဆေးဦးစီးဌာနပိုင် ပရဆေးဥယျာဉ်တစ်ခုတည်းမှ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ။ (၄) သက္ကရာဇ် (၂၀၀၀)ပြည့်နှစ်ကာလက တိုင်းရင်းဆေး(၅၇)မျိုး ထုတ်လုပ်နိုင်ခဲ့ပြီး ယနေ့ ဆေးအမျိုးအစား (၂၀)သာ ထုတ်လုပ်နိုင်ခဲ့၍ မူလအနေအထားအတိုင်း အရည်အသွေးနှင့် ပမာဏ စံချိန်မီရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိတို့ကို နိုင်ငံတော်သို့ ဖြေကြားပေးနိုင်ပါရန် လွှတ်တော်မှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြေရမှာ နည်းနည်းများတဲ့အတွက် အချိန်နည်းနည်း တော့ ပိုပေးစေချင်ပါတယ်ခင်ဗျား။

ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆေးရုံ စုစုပေါင်း (၆၄)ရုံ ဖွင့်လှစ်ထားပြီး၊ အဆိုပါ ဆေးရုံထဲတွင် တိုက်နယ်ဆေးရုံပေါင်း(၄၆)ရုံ ဖွင့်လှစ်ထားသည့်အပြင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့တွင် (၂၅)ခုတင်ဆံ့ ရသေ့တောင်မြို့နယ်ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၂)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၇၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၀)တို့ကို ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျန်းမာရေးဌာနပိုင် နယ်မြေတွင် ကျေးရွာပေါင်း(၄၄)ရွာ၊ မြေဧကပေါင်း (၈၈.၂) စတုရန်းမိုင်ကျယ်ဝန်း၍ လူဦးရေ (၃၄၀၀၀)ခန့်နှင့် အိမ်ခြေ(၅၉၀၀)ခန့် ရှိပါသည်။ ဆေးရုံ၏ ခုတင်အဆင့်တိုးမြှင့်သည့်ကိစ္စ ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန အသစ်ဖွင့်သည့် ကိစ္စနှင့်

ပတ်သက်၍ ဓမ္မဓိဌာန် အညွှန်းကိန်း Objective Indicator၊ ပုဂ္ဂလအဓိဌာန် Subjective Indicator များ ရှိပါသည်။ ဤကိစ္စ၌ Subjective Indicator အညွှန်းကိန်းများအရ မလိုအပ်သော်လည်း Subjective Indicator အရ လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ရသေ့တောင်မြို့နယ် ဆေးရုံနှင့် (၁၀)မိုင်သာ ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေးမှာ အလွန်ခက်ကြောင်း ကျွန်တော်တို့အနေနဲ့ တွေ့ရှိရပါတယ်။ ထို့အပြင် ဒီကိစ္စနဲ့ ပတ်သက်၍ ၂၀၁၅-၂၀၁၆ က ဘတ်ဂျက်ရရန် တင်တောင်းခဲ့သော်လည်း အားလုံး အဆင့်တိုးခြင်းကိစ္စများကို ဆိုင်းငံ့ထားရန် လွှတ်တော်မှအမိန့်ရှိတဲ့အတွက် ကျွန်တော်တို့ မလုပ်ခဲ့ပါ။ သို့သော်လည်း ဒီ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရန် ကျွန်တော့်အနေနဲ့ အထူးအလေးထားပြီးတော့ ဆောင်ရွက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ခွင့်ပြုငွေခွဲဝေလျာထားဖို့ ဆက်လက်လျှောက်ထား၍ လုပ်ဆောင်မယ် ဖြစ်ပါတယ်။ ဒီကိစ္စဟာ ကျန်းမာရေးရှုထောင့်ကနေလို့ရှိရင် အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာနေတဲ့ပြည်သူများဟာ ဒီလောက်ဝေးကွာလို့ လေမုန်တိုင်းကျရင် မသွားနိုင်တဲ့ကိစ္စ အများကြီးရှိတဲ့အတွက် အထူးအရေးပေးပြီးတော့ ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်အနေနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဒုတိယမေးခွန်းအနေနဲ့ ဒေါက်တာဦးကျော်သန်းထွန်း ရဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းပထမမေးခွန်းက နိုင်ငံတော်မှ ခွင့်ပြုသည့် သုံးစွဲငွေပမာဏနှင့် အသုံးပြုသည့် စက်ရုံကြီးများနှင့် စက်ပစ္စည်းတို့အတွက် တည်ဆောက်ခြင်း၊ ဝယ်ယူခြင်းပြုရာတွင် ကြိုတင်ဆောင်ရွက်ရမည့် တင်ဒါစနစ် ကျင့်သုံးမှု၊ ကြိုတင်လုပ်ဆောင်ရမည့် ကတိကဝတ် လုပ်ငန်းစာချုပ်များ တရားဝင်ချုပ်ဆိုထားခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော့်အနေနဲ့ ဌာနအတွင်းရှိ စာရွက်စာတမ်းများကို အသေးစိတ်လေ့လာသုံးသပ်ပါတယ်။ သုံးသပ်တဲ့အခါမှာ ဖော်ပြပါကိစ္စများအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ တင်ဒါခေါ်ယူရွေးချယ်ခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ စာချုပ်များစနစ်တကျ ချုပ်ဆိုထားခြင်းကို တွေ့ရပါတယ်။ အသေးစိတ်အနေနဲ့ ပြန်လည်ကြည့်ရှုပါက ဝန်ကြီးရုံးမှ ဒုတိယဝန်ကြီးဦးဆောင်၍ ဖွဲ့စည်းပေးခဲ့သော အဖွဲ့နှင့် စနစ်တကျ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာတင်ဒါအဖွဲ့ဝင်များသာမက ကျွမ်းကျင်ပညာရှင်များပါ ပါဝင်ခဲ့ တာကို တွေ့ရပါတယ်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာထဲတွင် ၂၈-၃-၂၀၁၃ ရက်နေ့တွင် တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်း၊ ၅-၇-၂၀၁၃ ရက်နေ့တွင် အစည်းအဝေးပြုလုပ်၍ ဦးစားပေး အပြီးသတ်မှတ် ရွေးချယ်ခြင်း၊ ၃၁-၇-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြခဲ့ခြင်းစသည့် အထောက်အထားများကိုလည်း တွေ့ရပါသည်။

ထို့အပြင် အဝင်ပင်မတံခါးပေါက် ကျဉ်း၍ စက်ပစ္စည်းများမသွင်းရ ဟူသည်မှာလည်း မှန်ကန်ခြင်းမရှိသည်ကို တွေ့ရပါသည်။ အဝင်တံခါးပေါက်ကြီးများအကျယ်ကြီးဖြစ်ပါသည်။ (၈)ပေ အကျယ် ရှိပါသည်။ စက်ရုံဘေးနှုတ်ခမ်းတွင်လည်း စက်များသွင်းရန် သီးသန့်တံခါး Roller Shutter များရှိပြီး ၎င်းတို့မှာ (၈)ပေ ကျယ်ဝန်းကာ ၎င်းတံခါးမှ စက်များတင်သွင်းခဲ့သည်ဟု တွေ့ရှိရပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောက်ရွက်လျက်ရှိသော

ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီကို တိုင်းရင်းဆေးပညာဦးစီးဌာန၏ ၆-၁၂-၂၀၁၂ ရက်စွဲပါ စာအမှတ်နှင့် ညွှန်ကြားရေးမှူးချုပ်မှ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင်(၉)ဦးပါဝင်ပြီး ဖွဲ့စည်းခဲ့ပါသည်။ ဖော်ပြသည့် (၄)ဦးပါ အဖွဲ့မှာ အနီးကပ်ကြီးကြပ်ကော်မတီဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယမေးခွန်းဖြစ်သည့် စက်ရုံတည်ဆောက်ပြီးကာလတွင် ဂျပန်-နီပွန် ဖောင်ဒေးရှင်းမှ ထောက်ပံ့လျက်ရှိသော အရေးပေါ်ဆေးသေတ္တာများအတွက် ဆေးပစ္စည်းများပြည့်စုံမှု ရှိ/မရှိ နှင့် ပတ်သက်၍ GMP စက်ရုံမှ အဆင့်လိုက်တည်ဆောက်နေခြင်းဖြစ်ပါသည်။ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်နေခြင်းဖြစ်ပါသည်။ ဂျပန်-နီပွန် ဖောင်ဒေးရှင်းမှ အရေးပေါ်ဆေးသေတ္တာများ ဖြန့်ဝေစဉ်က ရန်ကုန်နှင့်မန္တလေး တိုင်းရင်းဆေးဝါးစက်ရုံတို့မှ လုံလောက်အောင်ထုတ်ပေးခဲ့ပါသည်။ ယခု နီပွန်ဖောင်ဒေးရှင်းမှ ဆေးသေတ္တာများကို ပိုမိုကောင်းမွန်ရေး၊ ရေရှည်တည်တံ့နိုင်မည့် ပုံစံအသစ်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ နီပွန်ဖောင်ဒေးရှင်းမှ ဆေးသေတ္တာတွင် ဆေး(၇)မျိုး ပါပါသည်။ အသေးစိတ်တော့ ကျွန်တော် မပြောတော့ပါဘူး။ ကျွန်တော့်မှာ စာရင်းအတိအကျ ရှိပါသည်။ ထို့ပြင် (၉)မျိုးကတော့ ဆေးပစ္စည်းနဲ့ဆိုင်တဲ့ ပတ်တီး၊ အရက်ပြန် စသည့်ပစ္စည်းများ ပါ ပါ သည်။

(၃) မေးခွန်းဖြစ်သည့် လိုအပ်သည့် ဆေးဝါးကုန်ကြမ်းများကို တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ပရဆေးဥယျာဉ်တစ်ခုတည်းမှ ပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ပရဆေးဥယျာဉ် (၉)ဥယျာဉ်ရှိပါသည်။ နေပြည်တော်၊ ရေဆင်း၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးမြို့၊ ဒဂုံမြို့သစ်၊ ရန်ကုန်၊ လှည်းကူးနှင့် မြိတ်မြို့တွင် ရှိပါသည်။ ယခု ကျွန်တော်ထပ်ပြီး တင်ပြလိုတာကတော့ ဒီ နီပွန်ဖောင်ဒေးရှင်းမှာ ကျွန်တော်တို့ရဲ့ အကြီးဆုံးနဲ့လည်း ကျွန်တော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံမှာ တွေ့ရှိခဲ့ပါတယ်။ သူတို့အနေနဲ့ ဒီကိစ္စကိုလည်း အထူးအရေးပေးပါတယ်။ သို့သော်လည်း လက်တွေ့အချိန်မှာ ဖြစ်နိုင်မှု၊ မဖြစ်နိုင်မှုကိုမူတည်၍ သူတို့ရဲ့ ရန်ကုန်မှာရှိတဲ့ Branch နဲ့ ကျွန်တော်တို့က ဆက်လက်ပြီးတော့ မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်ရမယ်ဆိုတာကို ဆွေးနွေးပါတယ်။ သူတို့သည် ကျွန်တော်နဲ့လည်းလာပြီးတော့ ဝန်ကြီးရုံးမှာ တွေ့ပြီးပါပြီ။ အသေးစိတ်ဆွေးနွေးထားပါတယ်။ ဒါကို ဆက်လက်ပြီးတော့ လုပ်ဖို့ ကျွန်တော်တို့ ရည်ရွယ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တောနေလူတန်းစားများသည် ဆေးသေတ္တာကို အလွန့်အလွန် အားကိုးပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဆက်လက်လုပ်မှာပါ။ ဒီကိစ္စကို။

နံပါတ် (၃) မေးခွန်းဖြစ်တဲ့ ကျွန်တော် နံပါတ်(၃) မေးခွန်းကို ကျွန်တော်ဖြေလိုက်ပါပြီ။ နံပါတ်(၃)မေးခွန်းမှာ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ဥယျာဉ်(၉)ခုရှိပြီး အဓိကအားဖြင့် မျိုးထိန်းလုပ်ငန်းကိုပဲ ကျွန်တော်တို့ လုပ်ခြင်းဖြစ်ပါသည်။ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သောကုန်ကြမ်းအချို့ကို ဥယျာဉ်အချို့မှ ထုတ်လုပ်နိုင်ပြီး တစ်ပြည်လုံးရှိ ဆေးရုံ၊ ဆေးခန်းများနှင့် ကွင်းဆင်းလုပ်ငန်းများတွင် သုံးစွဲရန်အတွက် လိုအပ်သော ဆေးဝါးကုန်ကြမ်းများကိုမူ ဘဏ္ဍာရေး စနစ်တကျ တောင်းခံပြီး ဝယ်ယူသုံးစွဲလျက် ရှိပါသည်၊ ကျွန်တော်တို့ဥယျာဉ်များမှ ထုတ်မပေးနိုင်ပါဘူး။ အပြည့်အစုံ။

နံပါတ် (၄) မေးခွန်းဖြစ်တဲ့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ကာလက တိုင်းရင်းဆေး(၅၇)မျိုး ထုတ်လုပ်နိုင်ခဲ့ပြီး ယခု ဆေးအမျိုးအစား (၂၀)သာ ထုတ်လုပ်နိုင်ခဲ့၍ မူလအတိုင်း အရည်အသွေးနှင့် ပမာဏစံချိန်မီ ရရှိရန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်၍ သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် မန္တလေးတိုင်းရင်းဆေး ဆေးဝါးစက်ရုံမှ တိုင်းရင်းဆေး(၂၇)မျိုး၊ ရန်ကုန်တိုင်းရင်းဆေး ဆေးဝါး စက်ရုံမှ တိုင်းရင်းဆေး(၂၅)မျိုးသာ ထုတ်လုပ်ခဲ့ပါတယ်။ ဆေးဝါး (၅၇)မျိုးကို မည်သည့်အချိန်ကမှ ထုတ်လုပ်ခဲ့ခြင်း မရှိပါ။ ဆေးဝါးထုတ်လုပ်ခြင်းမှာ နှစ်အလိုက် လက်ကျန်ပေါ်မူတည်၍ ချိန်ဆ ထုတ်လုပ်ခြင်း ဖြစ်ပါသည်။ အများဆုံး(၂၇)မျိုးနှင့် အနည်းဆုံး(၁၆)မျိုးအထိ ထုတ်လုပ်ခဲ့ပါသည်။ အရည်အသွေးမှာ တူညီသောစက်ရုံတွင်၊ တူညီသောဝန်ထမ်းများမှ ထုတ်လုပ်ခြင်းဖြစ်၍ တသမတ်တည်း ဖြစ်ပြီး ပမာဏမှာ လိုအပ်ချက်ပေါ်မူတည်၍ ကျွန်တော်တို့ထုတ်ခြင်း ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် (၂၀)မျိုး ထုတ်လုပ်လျက်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ယခုထက် ပိုမို၍ကောင်းမွန်သောကုသမှုပေးနိုင်ရန်အတွက် သောက်ဆေး(၂)မျိုး၊ ဆီးဆေး(၂)မျိုးနှင့် အနာထည့်ဆေး(၁)မျိုး ထပ်မံထုတ်လုပ်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ အားလုံး ကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နှင့် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝ ဘေးအန္တရာယ်ကျရောက်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်ရန်အတွက် နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဆောက်အအုံ များ ဆောက်လုပ်ပေးထားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နှင့် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်ရန်အတွက် နိုင်ငံတော်မှ သဘာဝ ဘေးအန္တရာယ် ကယ်ဆယ်ရေးအဆောက်အအုံများ ဆောက်လုပ်ပေးထားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကိုကိုနိုင် ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ လေးစားရပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို ကျွန်တော့်အနေနဲ့ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသား လွှတ်တော်မှာ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းကတော့ ၂၀၁၅ ခုနှစ်အတွင်း ဆိုးဝါးစွာ ရေကြီးနစ်မြုပ်မှု ဒဏ်ကိုခံခဲ့ရတဲ့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် အတွင်းက ကျေးရွာများမှာ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံး ပြောင်းရွှေ့

နေထိုင်နိုင်ရန်အတွက် နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကာကွယ်ဆယ်ရေး အဆောက်အအုံများ ဆောက်လုပ် ပေးထားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သတ်မှတ်ချိန်ထက် အချိန်မလုံလောက်ပါက အချိန်အနည်းငယ်တိုးမြှင့်ပေးဖို့ လေးစားစွာဖြင့် ကြိုတင်တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံနှင့်အဝန်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တိုင်းနဲ့ပြည်နယ် တော်တော်များများမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားတဲ့အထဲမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သည်လည်း ရေကြီးနစ်မြုပ်မှုဒဏ်ကို ဆိုးဝါးစွာခံခဲ့ရတဲ့ဒေသတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီ ရေကြီးနစ်မြုပ်မှုကြောင့် ကလေးမြို့ပေါ်မှာရှိကြတဲ့ ရပ်ကွက်ကြီးများဖြစ်ကြတဲ့ အောင်မင်္ဂလာ၊ အောင်သစ္စာ၊ အောင်မြေမာန်၊ မင်္ဂလာဥယျာဉ်၊ ပင်လုံ၊ ချမ်းမြေ့အောင်စည်၊ မြို့သာ စတဲ့ ရပ်ကွက်ကြီးများအပါအဝင် ကျေးရွာပေါင်း မြောက်မြားစွာ ရေကြီးနစ်မြုပ်မှုဒဏ်ကိုခံခဲ့ရပြီး လယ်ဧကပေါင်း(၃၀၀၀၀)ကျော် နစ်မြုပ်ပျက်စီးကာ ဒေသခံပြည်သူအများစုဟာ မိမိနေအိမ်များကို စွန့်ခွာပြီးတော့မှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရာမှာလည်း ရေနစ်မြုပ်ခြင်းမရှိတဲ့ မိမိတို့ရဲ့ ဆွေမျိုးသားချင်းနေအိမ်သို့လည်းကောင်း၊ အရေးပေါ်ယာယီ ကယ်ဆယ်ရေးစခန်းများဖြစ်တဲ့ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနဲ့ ဘာသာရေးအဆောက်အအုံများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါတယ်။ သို့ပါသော်လည်း ရက်အတန်ငယ်ကြာမြင့်လာတဲ့အခါမှာတော့ ပြောင်းရွှေ့နေထိုင်ကြတဲ့ မိသားစုဝင်တွေ၊ ပြောင်းရွှေ့နေထိုင်ရန် လက်ခံထားတဲ့မိသားစုတွေ၊ ကူညီဆောင်ရွက်ပေးသူတွေအတွက် များစွာအဆင်မပြေမှုတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးမြို့ဟာ ဆိုရင်ဖြင့် လူဦးရေ(၂)သိန်းခန့် နေထိုင်လျက်ရှိပြီးတော့မှ မြစ်သာမြစ်၊ မဏိပူရ်မြစ်၊ ရာဇဂြိုလ်ဆည်၊ ဇီးချောင်းဆည်၊ ဥပုသ်ချောင်း၊ တောင်ပေါ်မြေပြိုကျန်နှင့် ချင်းတောင်မြစ်ဖျားခံဒေသများမှ စတင်စီးဆင်းရာ တောင်ကျချောင်းအမြောက်အမြားရဲ့ အောက်ဘက်မှာတည်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်တဲ့အတွက် မိုးတွင်းကာလမှာ အချိန်မရွေး သဘာဝဘေးန္တရာယ်ကျရောက် ကြုံတွေ့နိုင်တဲ့ဒေသတစ်ခု ဖြစ်ပြီးတော့မှ ယမန်နှစ်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကြောင့်လည်း ဒေသခံပြည်သူအများစုဟာ ယခုထက်ထိ စိတ်ဒဏ်ရာ ရရှိနေဆဲပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မည်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာခဲ့သည်ဖြစ်ပါစေ သဘာဝဘေးဒဏ်ခံ ဒေသခံပြည်သူလူထုအားလုံး ရွှေ့ပြောင်းနေထိုင်ရာ နေရာများမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ၊ ဒေသဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ လျှဒါန်းထောက်ပံ့မှုလုပ်ငန်းများ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ ဖြန့်ဖြူးသုံးစွဲနိုင်မှုလုပ်ငန်းများ စသည်တို့ကို တစ်နေရာတည်းမှာ အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကလေးမြို့နှင့် ရေမြုပ်ဒေသ ကလေးမြို့နယ်အတွင်းမှာရှိတဲ့ကျေးရွာများအတွက် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး အဆောက်အအုံများ၊ အထူးသဖြင့် ရေဘေးကယ်ဆယ်ရေး အဆောက်အဦများ၊ အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ် ရှိသည်ဆိုပါက မည်သည့်အချိန်ကာလ၊ မည်ကဲ့သို့အချိန်တွင်

အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင် မေးမြန်းထားရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံး ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဆောက်အအုံများ ဆောက်လုပ်ပေးထားရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်း ရေဘေးခံစားခဲ့ရတဲ့အချိန်မှာ စစ်ကိုင်း တိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ခရိုင်နဲ့မြို့နယ်များအသီးသီးကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သလို ယခုနှစ် ၂၀၁၆ ယခုနှစ်နွေရာသီအတွင်း အယ်နီညိုကြောင့် ပူပြင်းခြောက်သွေ့၍ ရေရှား ပါးပြတ်လပ်သည့်ဒေသများအတွက် သောက်သုံးရေဖြန့်ဝေခြင်းနှင့် ရေတွင်းရေကန် တူးဖော်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်း ဒေသအလိုက် သဘာဝဘေးလျှော့ပါးရေး ကြိုတင်ကာကွယ်ရေးအစီအမံများကို ဆောင်ရွက် ပေးရာမှာ အချို့လိုအပ်ချက်များကို ဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ဆောင်ရွက်ပေးပြီး အချို့သော လိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရအဖွဲ့များရဲ့ အကြံပြုချက်များအရ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကလေးမြို့နယ်တွင် သဘာဝဘေးများဖြစ်ပွားပါက ဘေးလွတ်ရာသို့ ရှောင်တိမ်းနိုင်မည့် အဆောက်အအုံများနှင့် ရေလွတ်ကုန်းမြင့်များကို ကြိုတင်လျာထားသတ်မှတ်ပြီးဖြစ်၍ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများ အပါအဝင် အဆောက်အအုံ (၄၆)ခုနဲ့ ရေလွတ်ကုန်းမြင့် (၁၅)ခု စုစုပေါင်း ဘေးလွတ်ရာနေရာ (၆၁)ခုကို သတ်မှတ်ထားခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ဘေးထပ်မံဖြစ်ပါက ဘေးဒဏ်ခံအဆောက်အဦများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးစားပေး ဆောက်လုပ်လိုတဲ့နေရာဒေသနှင့် အဆောက်အအုံရဲ့ အရွယ်အစား၊ လူဦးရေ မည်မျှကို လွှမ်းခြုံပေးနိုင်ရန် စသည့် စိစစ်အကြံပြုချက်တို့အပေါ် မူတည်၍ နိုင်ငံတော်ဘတ်ဂျက်မှ

တင်ပြဆောင်ရွက်သွားမည်ဖြစ်၍ နိုင်ငံတော်ဘတ်ဂျက်ဟာ အချိန်ကာလ ကန့်သတ်ချက်အရ အခက်အခဲရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေးဆွဲထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အသစ်ဖွဲ့စည်းထားပြီးဖြစ်တဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင် ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ထံသို့တင်ပြ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ကူညီထောက်ပံ့ဆောင်ရွက်ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စား သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာပြည့်ဖြိုး၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါ တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သက်ကြီးရွယ်အိုများ ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းကို

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာပြည့်ဖြိုးမှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ကြီးရွယ်အို များဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျာ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော် က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သောကော်မတီဝင်က သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့

တာဝန်ပေးချက်အရ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၂၁၉

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၂၈-၆-၂၀၁၆ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၆-၇-၂၀၁၆ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပေးပို့လာသော အကြံပြုချက်များကိုလည်းပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော ယင်းစကားရပ်တွင် မိဘမဲ့ သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် သွေးရင်း ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့လည်း ပါဝင်သည်။ ဆိုသည့်စကားရပ်ကို ယင်းစကားရပ်တွင် မိဘမဲ့ သို့မဟုတ် မိဘရှိသော်လည်း မိဘများကိုယ်စား သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် သွေးရင်း ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့နှင့် သွေးသားမတော်စပ်သော်လည်း ကြည့်ရှုစောင့်ရှောက်ခဲ့သည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဎ) တွင် ဖော်ပြထားသော ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ ရောဂါ ကြိုတင်ကာကွယ်ခြင်း၊ ဆိုသည့်စကားရပ်ကို ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဌ)တွင် ဖော်ပြထားသော လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ဂေဟာကိုဆိုသည်။ ဆိုသည့်စကားရပ်ကို လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ရိပ်သာကို ဆိုသည်။ ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုမြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ဘိုးဘွားရိပ်သာများတွင် နားခို စောင့်ရှောက်မှုပေးနိုင်ရန်၊ ဆိုသည့်စကားရပ်ကို ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ၎င်းတို့ဆန္ဒနှင့်အညီ ဘိုးဘွားရိပ်သာများတွင် နားခိုစောင့်ရှောက်မှုပေးနိုင်ရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော မြန်မာ့ရိုးရာ အစဉ်အလာ ဆိုသည့်စကားရပ်ကို ရိုးရာအစဉ်အလာ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဗ)တွင် ဖော်ပြထားသော စကားရပ်များအစား သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ဆိုသည့်စကားရပ် ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်းအပိုဒ် ၂၁ တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုဆိုင်ရာ ကော်မတီတို့သည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သားသမီးနှင့် မြေးတို့က စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများမရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်းမရှိသည့် ကိစ္စတွင်လည်းကောင်း၊ စရိတ်ထောက်ပံ့မည့် သားသမီးနှင့်မြေးများမရှိသည့် ကိစ္စတွင်လည်းကောင်း ရန်ပုံငွေမှ ထိုက်သင့်သော အထောက်အပံ့ အကူအညီပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြထားသော စကားရပ်များ အစား စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အို ဆုံးပါးသွားသောအခါ၌ ၎င်း၏ ဈာပနအား စီစဉ်ဆောင်ရွက်ပေးရမည်။ ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်းအပိုဒ် ၂၃၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော သင့်တင့်လျောက်ပတ်သော ဆိုသည့်စကားရပ်ကို လျော်ကန်သင့်မြတ်သော ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော သင့်လျော်သောဆိုသည့် စကားရပ်ကို ထိုက်သင့်သောဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော သက်ကြီးရွယ်အိုများ အလေးစားခံရရေးနှင့် ဆိုသည့် စကားရပ်ကို “သက်ကြီး ရွယ်အိုများ၏ ဂုဏ်သိက္ခာကိုအလေးထားရေးနှင့် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော အလွယ်တကူ လက်လှမ်းမီနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရမည်။ ဆိုသည့်စကားရပ်ကို အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် အခမဲ့သော်လည်းကောင်း၊ သက်သာသည့်နှုန်းထားဖြင့်သော်လည်းကောင်း စီစဉ်ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည် ဆိုသည့်စကားရပ်ကို အထောက်အကူပြုပစ္စည်းများကို အခမဲ့သော်လည်းကောင်း၊ သက်သာသည့်နှုန်းထားဖြင့်သော်လည်းကောင်း ဖြည့်ဆည်းပေးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်းအပိုဒ် ၃၅ တွင် ဖော်ပြထားသော အစိုးရ မဟုတ်သော လူမှုရေးအဖွဲ့အစည်းများသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအစီအစဉ်များ ရေးဆွဲခြင်း၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ရရှိစေရန် ဆောင်ရွက်ခြင်းနှင့် ဆိုသည့်စကားရပ်ကို အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများရရှိစေရန် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအစီအစဉ်များရေးဆွဲဆောင်ရွက်ခြင်းနှင့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၇၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော သက်ကြီးရွယ်အိုများ၏ စာရင်းကို ကောက်ယူပြီး” ဆိုသည့်စကားရပ်ကို သက်ကြီးရွယ်အိုများ၏ စာရင်းကို ၎င်းတို့ ဆန္ဒနှင့်အညီ ကောက်ယူပြီးဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၉ တွင် ဖော်ပြထားသော မည်သူမဆို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွား ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကြောင်း ဆိုသည့်စကားရပ်ကို မည်သူမဆို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွားရိပ်သာကိုဖြစ်စေ၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းတစ်ခုခုကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ကြောင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၂၇ နှင့် အပိုဒ် ၂၈ တို့တွင် ဖော်ပြထားသော ကျန်းမာရေးဝန်ကြီးဌာန ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနအမည် မှန်ကန်မှုရှိစေရန်အတွက် “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ် ၆၀ ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) မြန်မာစာအသုံးအနှုန်းမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အပိုဒ်များကိုလည်း ပြန်လည်စိစစ်ထားပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို **အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြ အပ်ပါသည်။**

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၉-၈-၂၀၁၆ (အင်္ဂါနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေပြီးတော့ အဆိုပြုတင်သွင်းမယ့် မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေမူကြမ်းနဲ့ပတ်သက်ပြီးတော့ ပထမဦးစွာအကျဉ်းမျှရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာ့ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကို ၁၉၇၇ ခုနှစ်မှာ စတင်ပြဋ္ဌာန်းခဲ့ပြီးတော့ နိုင်ငံတော်ရဲ့ ပိုင်နက်ပင်လယ်ဆက်စပ်ကမ်းလွန်ရေတိမ်ပိုင်း သီးသန့်စီးပွားရေးဇုန်တို့ကို သတ်မှတ်ခဲ့ပါတယ်။ တစ်ခါ

၁၉၉၆ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention On the Law of the Sea - UNCLOS) ရဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ယခင်က ပြဋ္ဌာန်းထားခဲ့တဲ့ ၁၉၇၇ ခုနှစ်ဥပဒေကို UNCLOS နှင့်အညီ ဖြစ်အောင် ပြည့်စုံစွာ ဖြည့်စွက်ပြဋ္ဌာန်းဖို့ လိုအပ်လာခဲ့ပါတယ်။ ဒါ့အပြင် ပင်လယ်ဇုန်များမှာ မြန်မာနိုင်ငံမှ ကျင့်သုံးတဲ့ စီရင်ပိုင်ခွင့် အခွင့်အရေးလုပ်ပိုင်ခွင့်နှင့်တာဝန်များကိုလည်း အဲဒီ Convention နှင့်အညီ ဥပဒေဖြင့် ထိရောက်စွာ ကာကွယ်ဖို့လိုအပ်လာခဲ့ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားမှာ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးနဲ့ ပတ်သက်ပြီးတော့ International Tribunal for the Law of the Sea ITLOS ရှိတယ်။ ခုံရုံးရဲ့စီရင်ချက်ကို ခံယူဖို့ကိစ္စကလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီကိစ္စဟာ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ကျွန်တော်တို့ ITLOS ကနေပြီးတော့ စီရင်ချက် ချခဲ့ပြီးတာကတစ်ကြောင်း၊ နောက်ပြီးတော့ ၇-၇-၂၀၁၄ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ် နဲ့ အိန္ဒိယနိုင်ငံတို့အကြားမှာ ပင်လယ်နယ်နိမိတ်ပြဿနာကို (Permanent court of Arbitration) PCA ကနေပြီးတော့ ဆုံးဖြတ်ချက်ချခဲ့ပြီးတာကတစ်ကြောင်း၊ ကျွန်တော်တို့ရဲ့ ကမ်းလွန်ပင်လယ် ရေတိမ်ပိုင်း ရေမိုင်နေရာထက် ကျော်လွန်သတ်မှတ်ရေးအတွက် မြန်မာနိုင်ငံအနေနဲ့ နည်းပညာပိုင်း အရရော၊ ဥပဒေကြောင်းအရပါ ပြီးပြည့်စုံအောင် ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ လိုအပ်လာ ခဲ့တဲ့အတွက် ကျွန်တော်တို့ မြန်မာ့ပိုင်နက်ပင်လယ်နဲ့ ပင်လယ်ဇုန်များဥပဒေမူကြမ်းကို စဉ်းစားအတည်ပြု နိုင်ဖို့အတွက် ကျွန်တော်တို့က တင်ပြလာခြင်း ဖြစ်ပါတယ်။

ယနေ့ တင်သွင်းတဲ့ မြန်မာ့ပိုင်နက်ပင်လယ်နဲ့ ပင်လယ်ဇုန်များ ဥပဒေနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ရှေ့နေချုပ်ရုံးသော်လည်းကောင်း၊ နောက်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့ သဘောထားမှတ်ချက်များကိုလည်းကောင်း ရယူတောင်းခံမှုပြုလိုက် ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးကိုလည်း အဆင့်ဆင့်တင်ပြပြီးတော့ သဘောတူညီချက် ရရှိပြီးတဲ့အခါမှာ ကျွန်တော်တို့ အခုလို အမျိုးသားလွှတ်တော်ကို တင်ပြရန် ဆောင်ရွက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေသည် ကမ်းရိုးတန်း ရှည်လျားစွာရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားအတွက် အလွန် အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကနေပြီးတော့ လက်ခံ ဆွေးနွေး ပေးပါရန် လေးစားစွာနဲ့ အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနှင့် လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း

ကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းအား မွန်ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်မ ဒေါ်မြတ်သီတာထွန်း မှ ထောက်ခံအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ် (၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ် (၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ နိုင်ငံခြားရေး ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ပါစေလို့ ကျွန်မ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင့်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိုန်ငိုက်မန် ပဲဖြစ်ပါတယ်ရှင့်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးအပ်မှုအရ ကျွန်မတင်ပြမယ့် အစီရင်ခံစာ ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန် များဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာပဲ ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၆- ၂၂၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇူလိုင်လ ၂၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၅-၆-၂၀၁၆ ရက်နေ့တွင် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ပေးပို့ခဲ့ခြင်း ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၂၂-၇-၂၀၁၆ ရက်နှင့် ၂၇-၇-၂၀၁၆ ရက်နေ့များတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ပညာရှင်တို့နှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံးနှင့် မှန်ကန်ညီညွတ်မှု ရှိစေရန်အတွက် မူလဥပဒေကြမ်းနိဒါန်းတွင် ဖော်ပြထားသောစကားရပ်များအစား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသားမှန်ကန်မှု ရှိစေရန်အတွက် ဥပဒေကြမ်းခေါင်းစဉ်၏ အမည်ကို မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)၏ အောက်တွင် အပိုဒ်ခွဲ (င)၊ (စ)၊ (ဆ)၊ (ဇ) တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်-

၂။ (င) ပိုင်နက်ပင်လယ် ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် တစ်ဆယ့်နှစ်မိုင်အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကိုဆိုသည်။

(စ) ဆက်စပ်ဇုန် ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက် ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် နှစ်ဆယ့်လေးမိုင် အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကိုဆိုသည်။

(ဆ) သီးသန့်စီးပွားရေးဇုန် ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်း ဖြစ်သည်။ ယင်း သီးသန့်စီးပွားရေးဇုန်သည်

ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များမှအပ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ ထိကျယ်ဝန်းသည့် နယ်နိမိတ်ကိုဆိုသည်။

(ဇ) ကမ်းလွန်ရေတိမ်ပိုင်း ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး၊ ကုန်းပိုင်နက်နှင့် သဘာဝအလျောက်တစ်ဆက်တည်းဖြစ်သည့် ပင်လယ်ကြမ်းပြင်နှင့်အောက်ခံမြေထုတို့ပါဝင်သည်။ နိုင်ငံတော်မှ ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်သို့ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံမျဉ်းမှ ရေမိုင်(၂၀၀)အလွန် ကမ်းလွန်ရေတိမ်ပိုင်းအား သိပ္ပံနှင့်နည်းပညာအချက်အလက် အထောက်အထားများဖြင့် တောင်းခံထားမှုအပေါ် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်က ထောက်ခံအတည်ပြုသည့် ကမ်းလွန်ရေတိမ်ပိုင်းဧရိယာအရ အခြားနိုင်ငံများ၏ ကမ်းလွန်ရေတိမ်ပိုင်းဧရိယာနှင့် ထပ်နေပါက ထိုနိုင်ငံများနှင့် သဘောတူခွဲခြားပြီးသည့် ဧရိယာသတ်မှတ်ချက်အထိ ကျယ်ဝန်းသည့် နယ်နိမိတ်ကိုဆိုသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ်၂၊ အပိုဒ်ခွဲ(င)ကို အပိုဒ်(၂)၊အပိုဒ်ခွဲ(ဈ)ဟုပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော အခြေခံမျဉ်း ဆိုသည့် စကားရပ်ကို အခြေခံမျဉ်းများ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဋ)ဟု ပြင်ဆင်ပြီး စက်မဲ့ရေယာဉ်ကိုဆိုသည် ဆိုသည့်စကားရပ်ကို စက်ရေယာဉ်တစ်မျိုးမျိုးကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ည)ကို အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဍ)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံခြားရေယာဉ်ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော ရေယာဉ်နှင့် မည်သည့်နိုင်ငံတွင်မျှ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားသားပိုင် ရေယာဉ်ကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်းအခန်း(၁)၏အောက်တွင် အခန်း(၂)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်၊

(ခ) နိုင်ငံတော်၏ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များအတွင်းရှိ သဘာဝသယံဇာတများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) အဏ္ဏဝါပတ်ဝန်းကျင်အား ထိခိုက်ညစ်ညမ်းမှုများမှ ကာကွယ်ရန်၊

(ဃ) မူလဥပဒေကြမ်းအပိုဒ်၅၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုဖြင့် ဖြတ်သန်း ခွင့်ရှိသည်။ ယင်းဖြတ်သန်းမှုသည် နိုင်ငံတော်၏ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး နှင့်တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကိုထိပါးခြင်း မရှိသရွေ့အပြစ်ကင်းသော ဖြတ်သန်းမှုဖြစ်သည်ဟု မှတ်ယူရမည် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ်၇၊ အပိုဒ်ခွဲ (ဆ)တွင် ဖော်ပြထားသော စကားရပ်များအစား အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေများက ခွင့်ပြုထားခြင်းမရှိသော ပစ္စည်း၊ ငွေ သို့မဟုတ် လူ ပုဂ္ဂိုလ်ကို အတင်အချ ပြုလုပ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဈ)တွင် ဖော်ပြထားသော စကားရပ်များ အစား အဏ္ဏဝါပတ်ဝန်းကျင်ကိုညစ်ညမ်းစေရန်၊ ထိခိုက်ပျက်စီးစေရန် လုပ်ဆောင်မှု တစ်ခုခုကို ပြုလုပ်ခြင်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဈ)တွင် ဖော်ပြ ထားသော စကားရပ်များအစား တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကိုဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ မူးမေ့ စေခြင်း၊ သေစေခြင်း၊ ငါးလုပ်ငန်း ပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူ ပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ် များအစား ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော ကျွမ်းကျင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ ထောက်ခံချက် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှု အတွက် အသုံးပြုနေကြဖြစ်သော ရေလမ်းကြောင်းများ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၄ တွင် ဖော်ပြထားသော မြန်မာနိုင်ငံတော်၏ အတွင်းပိုင်း ရေပြင်၌ ဆိုသည့်စကားရပ်ကို နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်၌ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၂၃ ကို အပိုဒ် ၂၀ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာ - ထိုင်း ပင်လယ်ပြင် နယ်နိမိတ်မျဉ်း၊ မြန်မာ - အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းနှင့် မြန်မာ - ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင် နယ်နိမိတ်မျဉ်း တို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၄ ကို အပိုဒ် ၂၁ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ် များအစား ၁၉၈၂ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအရ အသိအမှတ်ပြုထားသော အခြား လုပ်ပိုင်ခွင့်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၆)ကို အခန်း(၇) ဟု ပြင်ဆင်ပြီး အခန်း(၇)၏အောက်တွင် အခန်း(၈) တားမြစ်ချက်များအခန်းကို ဖြည့်စွက်ပြီး မူလဥပဒေ အပိုဒ် ၁၈ ကို အပိုဒ် ၂၇ ဟု လည်းကောင်း၊ အပိုဒ် ၂၆ ကို အပိုဒ် ၂၈ ဟု

လည်းကောင်း၊ အပိုဒ် ၃၁ ကို အပိုဒ် ၂၉ ဟုလည်းကောင်း အသီးသီး ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ နှင့် ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေအပိုဒ် ၄၂ ကို အပိုဒ် ၃၉ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(စ) မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃၊ အပိုဒ် ၁၆၊ အပိုဒ် ၁၉၊ အပိုဒ် ၂၈ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းနှင့် မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ထားပြီးဖြစ်ကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်ရှင်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၈-၂၀၁၆ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]